ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ထုတ်ပြန်ကြေညာချက်အမှတ်(၁/၂၀၂၁)

၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၀) ရက်

(၁) ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ရည်မှန်းချက်များ ဖြစ်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးနှင့် နိုင်ငံအတွင်းနေထိုင်သူ လူတိုင်းသည် အရည်အသွေးပြည့်မီသော ကျန်းမာရေး စောင့်ရှောက်မှုများကို သာတူညီမျှစွာ လက်လှမ်းမီရရှိ၍ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန် ရေတိုကြားကာလတွင် ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ရေရှည်ကာလတို့တွင် ဆောင်ရွက်မည့် မူဝါဒလုပ်ငန်းစဉ်များကို (၂၀၂၁)ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြု ကော်မတီ စတင်ပေါ်ပေါက်သည့် အချိန်မှစတင်၍ ပြင်ဆင်ခဲ့ပါသည်။

(၂) အမိန့်အာဏာဖီဆန်ခြင်း လှုပ်ရှားမှု (Civil Disobedient Movement–CDM) တွင် ပါဝင်ခဲ့ ကြသော ကျန်းမာရေးဝန်ထမ်းတစ်ဦးချင်းအား ချီးကျူးဂုဏ်ပြုပါသည်။ မိမိတို့ ထမ်းဆောင် နေသော တာဝန်ဝတ္တရားများကို ဆက်လက်ထမ်းဆောင်နိုင်စေရမည်ဟု ကျန်းမာရေးဝန်ကြီး ဌာနအနေဖြင့် လေးလေးနက်နက်ကတိပြုလိုပါသည်။ ပြည်သူလူထုမှလည်း စစ်အာဏာရှင်မှ စီမံခန့်ခွဲသော ကျန်းမာရေးဝန်ဆောင်မှုများကို မရယူဘဲ အမိန့်အာဏာ ဖီဆန်ခြင်းလှုပ်ရှားမှုတွင် ပါဝင်ခဲ့ပါသည်။ CDM လှုပ်ရှားမှုနှင့် စစ်အာဏာရှင်တို့၏ ရက်စက်မှုများကြောင့် နိုင်ငံတဝန်းလုံးတွင် ကျဆုံးခဲ့ရသော ကျန်းမာရေး ဝန်ထမ်းများ အပါအဝင် သူရဲကောင်းများကို ဝမ်းနည်းစွာဖြင့် ဂုဏ်ပြုမှတ်တမ်း တင်အပ်ပါသည်။ ထို့အပြင် ထိခိုက်ဒါဏ်ရာရရှိသူများကို မိမိ၏လုံခြုံရေးကို မငဲ့ကွက်ဘဲ ပြုစုကုသ ပေးခဲ့သော ကျန်းမာရေး ဝန်ထမ်းများနှင့် မတရားဖမ်းဆီးခံထားရသော ကျန်းမာရေးဝန်ထမ်းများကို အမြန်ဆုံး လွတ်မြောက်စေရန် စစ်အာဏာရှင်ကို ဆက်လက်၍ တခဲနက်တော်လှန် သွားကြရန် အားပေးတိုက်တွန်းလိုပါသည်။

(၃) စစ်အာဏာရှင်၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နေရပ်မှ စွန့်ခွာထွက်ပြေး နေရသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ လျင်မြန်စွာရရှိနိုင်စေရန်နှင့် စစ်အာဏာရှင်မှ လိုက်လံတားဆီး၍ မတရား အရေးယူနေသော ကုသမှုလုပ်ငန်းများ၊ ပြည်သူများအတွက် မရှိမဖြစ် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် ကုသမှု လုပ်ငန်းများကို ဘေးကင်းစွာပြန်လည်ဆောင်ရွက်နိုင်ရန်

ရေတိုကြားကာလ နည်းဗျူဟာများ ကို ချမှတ်၍ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုတွင် ဆန္ဒအလျောက်ပါဝင်လာ CDM ဝန်ထမ်းများအပါအဝင် ကျန်းမာရေး ဝန်ထမ်းအင်အားစု များကို စုစည်း၍ ဦးဆောင်မှုပေးသွားမည်ဖြစ်ပါသည်။

(၄) ထို့အတွက် ရောဂါကာကွယ်ရေးပြည်သူ့ကျန်းမာရေးလုပ်ငန်းများနှင့် ကုသရေးလုပ်ငန်း များအနက် ပမာဏကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ထိခိုက်ဒဏ်ရာကုသရေး လုပ်ငန်းများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသရေးလုပ်ငန်းများကို ဦးစားပေး၍ စောင့်ရှောက်ပေးမည်ဖြစ်ပါသည်။ ဆရာဝန်များက တယ်လီနည်းပညာဖြင့် ဆွေးနွေးကုသမှု ပေးခြင်း အပါအဝင် နည်းပညာအသစ်တီထွင်မှုများကို အသုံးပြုမည်။ နည်းပညာနှင့် မရှိမဖြစ်လိုအပ်သော အရင်းအမြစ်များကို ပံ့ပိုးပေးနိုင်ရန် မိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ညှိနှိုင်းလျက်ရှိပါသည်။

(၅) ရေရှည်ကာလတွင် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုသို့ ရောက်ရှိစေ မည့် ဖယ်ဒရယ်ပြည်ထောင်စု၏ ကျန်းမာရေးစနစ် ဆက်လက်ထူထောင်ရန်အတွက် ပတ်သက်သူအားလုံးကိုပါဝင်စေ၍ ဆက်လက်လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တိုင်းရင်းသားကျန်းမာရေးအဖွဲ့များကို နိုင်ငံအတွင်းရှိ ကျန်းမာရေးဝန်ထမ်းအင်အားစုတွင် တန်းတူပါဝင်ဖွဲ့စည်းလာစေမည်။ နိုင်ငံအတွင်းရှိ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်သော ကုလသမဂ္ဂအဖွဲ့အစည်းများ (UN agencies)၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့ အစည်းများ (CBOs/ CSOs)၊ လူမှုကူညီရေးအသင်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ ဒေသ အတွင်း ခေါင်းဆောင်များနှင့် လက်တွဲ၍ ပူးပေါင်းဆောင်ရွက်သွားမည်။

(၆)ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ၏ ဝန်ကြီးဌာနမှပေးနိုင်သော ကျန်းမာရေး ဝန်ဆောင်မှုများအား ပြည်သူလူထုအနေဖြင့် လွတ်လပ်စွာ ရွေးချယ်ရယူနိုင်စေရန် လုံလောက်သော သတင်းအချက်အလက်များ ဖြန့်ဝေပေးမည်ဖြစ်ပါသည်။

(၇) အနာဂတ်ကာလတွင် မိမိတို့နိုင်ငံအနေဖြင့် ကျင့်သုံးရမည့် ဖက်ဒရယ်ကျန်းမာရေးစနစ် ပေါ်ပေါက်လာစေရေးအတွက် ဦးဆောင်ဦးရွက်ပြုသူအားလုံးနှင့် ရိုးသားပွင့်လင်းစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အနာဂါတ်ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက် လာရေးနှင့် ဖက်ဒရယ်ကျန်းမာရေးစနစ် ပေါ်ပေါက်လာရေးအတွက် ဝန်ကြီးဌာနအနေနှင့် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ကတိပြုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ